ပူးတွဲ(၁-က)

Greetings from NPPO-Myanmar!

NPPO-MM has been issuing Import Certificate for the plants and plant products that are intended to import into Myanmar from trading partners.

Phytosanitary Certificate from country of origin must be attached with import plants and plant products.

**Please take note that the No. of Import Certificate for Plants and Plant Products (4 digits, highlighted in green colour in the attached sample of Import Certificate) must be described in Additional Declaration of Phytosanitary Certificate of country of origin. It will come into effect on 1st October 2017.**

Transition period will be until all consignments using the existing certificates have been cleared import inspection.

I appreciate your assistance in informing your border officials of our request to add No. of Import Certificate in Phytosanitary Certificate of country of origin. Sample of Import Certificate with general attachment for quarantine significant pest and treatment are herewith attached for your information. Import Certificate will be valid for (3 months) from date issued.

I would invite you to contact via email on directorppddoa@gmail.com the IPPC Official Contact Point of Myanmar should you have any questions regarding this matter.

Kindest regards,

Director

IPPC Official Contact Point for NPPO-Myanmar

Plant Protection Division

ပူးတွဲ(၁-ခ)

NPPO-Myanmar (National Plant Protection Organization – Myanmar) မြန်မာနိုင်ငံ အမျိုးသား သီးနှံကာကွယ်ရေးအဖွဲ့မှ နှုတ်ခွန်းဆက်သပါသည်။

(NPPO-MM) မြန်မာနိုင်ငံအမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် ကုန်သွယ်ဖက်နိုင်ငံများမှ မြန်မာနိုင်ငံသို့ တင်သွင်းရန် ရည်ရွယ်ထားသည့် အပင်များနှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အား ထုတ်ပေးလျက်ရှိပါသည်။

တင်သွင်းသည့် အပင်နှင့် အပင်ထွက်ပစ္စည်းများနှင့်အတူ မူရင်းနိုင်ငံမှ အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို ပူးတွဲပါရှိစေရမည်။

ကျေးဇူးပြု၍ သတိပြုရမည့်အချက်မှာ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်နံပါတ် (ပူးတွဲပါ နမူနာ တင်သွင်းခွင့်ထောက်ခံချက်တွင် ဒီဂျစ်တယ် ၄ လုံးကို အစိမ်း ရောင်ဖြင့် ထင်ရှားစွာဖော်ပြထားသည်) ကို မူရင်းနိုင်ငံမှ အပင်ပိုးမွှား ကင်းရှင်းကြောင်း သက်သေခံ လက်မှတ်၏ ဖြည့်စွက်ကြေငြာချက်တွင် ဖေါ်ပြပေးရမည်။ ယင်းဖော်ပြချက်သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင် အသက်ဝင်မည်ဖြစ်ပါသည်။

အကူးအပြောင်းကာလသည် လက်ရှိ သက်သေခံလက်မှတ်များကို အသုံးပြု၍ ကုန်စည်စုများ တင်သွင်းမှု စစ်ဆေးခြင်းရှင်းလင်းပြီးသည်အထိ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ တောင်းဆိုချက်ဖြစ်သော မူရင်းနိုင်ငံ၏ အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်တွင် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်၏ နံပါတ်ထည့်သွင်းဖော်ပြပေးရန်ကို သင်၏ နယ်စပ်ဒေသအရာရှိများထံ အသိပေးသော ဆောင်ရွက်မှုအား ကျေးဇူးတင်အသိအမှတ်ပြုပါသည်။ အရေးကြီးထိန်းချုပ်ဖျက်ပိုးများ နှင့် ဆေးစီရင်မှုများအတွက် အထွေထွေနောက်ဆက်တွဲ နှင့် အတူ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် နမူနာကို သင်သိရှိရန် ပူးတွဲပေးပို့ပါသည်။ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်သည် ထုတ်ပေးသည်နေ့မှ (၃) လအတွင်း သက်တမ်းရှိမည်ဖြစ်ပါသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ သင်မေးမြန်းလိုသည်များရှိပါက မြန်မာနိုင်ငံ၏ IPPC တရားဝင်ဆက်သွယ်ရမည့် contact point e-mail: **directorppddoa@gmail.com** သို့ ဆက်သွယ် ရန် လေးစားစွာဖိတ်ကြားပါသည်။

လေးစားစွာဖြင့်

ညွှန်ကြားရေးမှူး

IPPC Official Contact Point for NPPO-Myanmar

သီးနှံကာကွယ်ရေးဌာနခွဲ

သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ် ရေးလုပ်ငန်း သည် မြန်မာနိုင်ငံတွင် မရှိသေးသည့် ဖျက်ပိုးများ ဝင်ရောက်မလာစေရန် ဥပဒေအရ ကာကွယ်တားဆီး သည့် လုပ်ငန်းဖြစ်သည်။

အပင်ပိုးမွှားကာကွယ်သည့် ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

**အပင်နှင့်အပင်ထွက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းလိုသည့် လုပ်ငန်းရှင်များ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ**

**(Standard Operating Procedure - SOP for Plants and Plant Products Importer)**

၁။ တင်သွင်းခွင့်ပြုထားသော အပင်နှင့် အပင်ထွက် ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်လက် မှတ်ကို လျှောက်ထားနိုင်သည်။ (စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ ကြော်ငြာ သင်ပုန်းနှင့် website: https://ppd.doa.gov.mm/ တို့တွင် ကြည့်ရှု နိုင်ပါသည်။)

၂။ တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အား အပင် နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းမည့် တစ်ဖက်နိုင်ငံ၏ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် ထုတ်ပေး သည့်ဌာနသို့ ပေးပို့ရမည်။

**တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ရရှိရန် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ၏ သတ်မှတ်သည့် တင်သွင်းခွင့် ထောက်ခံချက် လက်မှတ် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံ (မူရင်း) နှင့်အတူ လျှောက်ထားရမည်။

၂။ တင်သွင်းသူကိုယ်တိုင် လျှောက်ထားခြင်း မဟုတ် ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာ ပါရှိရမည်။

၃။ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၂) ဦး ဆောင်ရွက်ရန် စာရင်းသွင်းမှတ်ပုံတင်ထားရှိရမည်။

၄။ စိုက်ပျိုးရန်အတွက်ဖြစ်ပါက

(က) ကြံ(သကြားထွက်သီးနှံဌာနခွဲမှ ထောက်ခံချက်)
(ခ) နှစ်ရှည်ပင်
(နှစ်ရှည်သီးနှံဌာနခွဲမှ ထောက်ခံချက်)
(ဂ) မျိုးစေ့နှင့်အပင်
(မျိုးစေ့ဌာနခွဲမှ ထောက်ခံချက်)
(ဃ) သစ်တောထွက်အပင်
(သစ်တောဦးစီးဌာနမှထောက်ခံချက်) ပါရှိရမည်ဖြစ်ပါသည်။

၅။ ယင်းအချက်များ ပြည့်စုံပါက လျှောက်လွှာ စာရင်းသွင်း လက်ခံပေးမည် ဖြစ်ပါ သည်။ (မပြည့်စုံပါက ဆက်လက်ဆောင်ရွက်၍ မရနိုင်ပါ။)

**တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်ထုတ်ယူရန် ကြာချိန်**

လျှောက်လွှာစာရင်းသွင်း လက်ခံပြီးချိန်မှ
(၃) ရက် (ရုံးပိတ်ရက်မပါ။)

**တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်တစ်စောင် အတွက် အခကြေးငွေ**

၃၀၀၀၀ ကျပ်

သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ် စစ်ဆေးရေးစခန်းများ တွင်လည်း တင်သွင်းခွင့် ထောက်ခံချက် လက်မှတ် လျှောက်ထား နိုင်ပါသည်။